http://www.dhammadownload.com

မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင် ဖြူအောင်စိတ်ကိုထား အဲဒါ ဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား

ပန်းချီ ရွှေမောင် စီစဉ်ရေးဆွဲသည့်

ရွှေမောင်

ဆေးရောင်စုံရုပ်ပြ

ဇွန် ရသ သုတ ရှင်းစုံ

No. 6, December, 2011

Shwe Moung Colourful Mini Comic

ပိစိကျွေးနှင့် ဘုတ်အိမ ပါဝင်သော

မနော ဒုစရိုက် ဟူသည်

သိပ်ပဲပညာတွေ တိုးတက်လာလို့ အစားကောင်းတွေစားရ အဝတ်ကောင်းတွေဝတ်ရ အနေကောင်းတွေနေရတယ်။ ဒါပေမယ့် အကျင့်စာရိတ္တဘက်က တိုးတက်မှုမရှိတာကြောင့် စိတ်ချမ်းသာမှု ရကြလိမ့်မယ်မထင်ဘူး။ ဗုဒ္ဓတရားတော်ကို သိမှသာစိတ်ချမ်းသာမှုရနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ



"မကောင်းမှု" ဒုစရိုက် ဟူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် (အပါယ်လေးဘုံ)သို့ ကျရောက်စေနိုင်သော အမှုအကျင့်များဖြစ်၏။ ဒုစရိုက်(၁၀)ပါး တွင် ပါဝင်သော "မနော ဒုစရိုက်" (၃)ပါး ကို လူငယ်များ ကောင်းစွာသိရှိနားလည်ပါမှ ထို "ဒုစရိုက်" ကို ရှောင်ကျဉ်နိုင်ကြစေရန် ဥပမာ ဇာတ်တော်များဖြင့် ရှင်းလင်းရေးဆွဲထားပါသည်။

http://www.dhammadownload.com

ပိစိကျော်း နှင့် ဘုတ်အိမ တို့ မောင်နှမ နှစ်ယောက် ဘုန်းကြီးကျောင်းသို့ စောစောစီးစီးရောက်လာကြ၏။

ဟော--ဒီမောင်နှမ စောစောစီးစီး ရောက်လာကြတာပါလား ဘာတွေလာပို့တာလဲ--ကွ

တင်ပါ့ဘုရား---ဒီနေ့ ပိစိကျော်း ရဲ့မွေးနေ့ဖြစ်လို့ ဆွမ်းလာပို့တာပါဘုရား

အေး--အေး--သာဓုကွာ သာဓု--သာဓု--

မွေးနေ့ ဘတ်ဒေးကိတ် တွေဘာတွေ နဲ့ ဖယောင်းတိုင် တွေမီးမွှတ်ပြီး "ဟက်ပီ ဘတ်ဒေး" လုပ်ပြီးခဲ့ကြပြီလားကွ--

တပည့်တော်တို့ က မြန်မာလူမျိုး ဗုဒ္ဓဘာသာတွေဖြစ်လို့ ဒါမျိုးလုပ်ဖို့မလိုဘူး--လို့ ဖေဖေ--မေမေ တို့က ပြောပါတယ်ဘုရား

အေး--အဲဒါ အမှန်ပဲ မွေးနေ့မှာ--မိမိကိုမွေးဖွားပေးခဲ့တဲ့ ကျေးဇူးရှင်မိဘတွေကို အရင်ဆုံး ပူဇော်ကန်တော့ကြရမှာပေါ့

မိမိရဲ့ မွေးနေ့မှာ ဘုရား၊ တရား၊ သံဃာ မိဘ၊ ဆရာ တွေကို ပူဇော် ကန်တော့ခြင်း ၊ ဒါန ၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်ကောင်းမှုတွေကိုပြုခြင်း ဟာ တို့ဗုဒ္ဓအလိုက္ခ နေထိုင်ပြုမူတာပဲပေါ့--ဒကာလေးတို့ရယ်

တင်ပါ့ဘုရား--

ကဲ--ဒီတော့--ဒကာလေး "ပိစိကျော်း" ရဲ့ မွေးနေ့မှာ ငါးပါးသီလ ဆောက်တည်ကြရအောင်--နော် ပြီးတော့မှ--ဒကာလေးတို့ကို ပြောပြဖို့ ကျန်နေသေးတဲ့ "မနော ဒုစရိုက်(၃)ပါး" အကြောင်း ပြောပြမယ်

ကြကာသ--သြကာသ--သြကာသ-- ကာယကံ--ဝစီကံ---မနောကံ--- -- -- --

ဤသို့ဖြင့်---"ပိစိကျော်း" တို့မောင်နှမ ကို ဦးပဉ္စင်းဇဝနက ငါးပါးသီလ ဆောက်တည် စေလေသည်။

Cyan Magenta Yellow Black


http://www.dhammadownload.com





http://www.dhammadownload.com



http://www.dhammadownload.com







http://www.dhammadownload.com

"ကိုလောဘ"က သူလက်ထဲကို
ရောက်လာတဲ့ခွက်စုတ်ကြီးကိုကြည့်ပြီး
နည်းနည်း စိတ်ဝင်စားသွားတယ်
ဒါကြောင့် ခွက်စုတ်မှာပေနေတဲ့ ရွှံ့တွေကို
ခြစ်ကြည့်လိုက်တဲ့အခါ--

ဟာ--ဒီမြေးအဖွား--ဒီခွက်ကို
ရွှေခွက်မှန်းမသိဘဲ ငါ့ကိုပေးနေတာ--ကိုး
ခဏနေတော့မှ--သူတို့ကိုသနားသလိုလိုနဲ့
ရဲနည်းနည်းပေးပြီး--ဒီခွက်ကို
လာယူရမယ်--ဟီဟီ--

အလှူန်အဖိုးတန်တဲ့
ရွှေခွက်တစ်လုံးဖြစ်ကြောင်း
တွေ့လိုက်ရတယ်လေ--

"ရဲ"တစ်လုံးဖိုးတောင် မတန်တဲ့
ဒီခွက်စုတ်ကြီးကို--ကျုပ်က ဘာလုပ်ရမှာလဲ
သွားစမ်းပါ--ထွီ--စွေးရောင်းနေတာ--ဗျ
အလှူလုပ်နေတာမဟုတ်ဘူး

ချွန်

မြေးမလေးကလည်း--သူလိုချင်လှတဲ့ "ရဲ"တွေ
မရလိုက်တော့ အဖွားကိုဖက်ပြီး ငိုတော့တာပေါ့

"ကိုလောဘ"က ရွှေခွက်မှန်းသိပေမယ့်
အံသြတဲ့ပုံမပြဘဲ--ခွက်စုတ်ကြီးကို မြေပေါ်မှာ
လွှင့်ပစ်လိုက်ပြီး ကျောခိုင်းထွက်လာခဲ့သတဲ့

ရဲ--တွေ့ရမယ်--
ရဲသည်လာပြီ--နော်

အဲဒီအချိန်မှာပဲ--ရဲသည်--နောက်တစ်ယောက်ရဲ့
အသံကို ထပ်ကြားလိုက်ရလို့--မြေးမလေးဟာ
ငိုနေရာကနေ ခေါင်းထောင်ကြည့်လိုက်ပြန်တယ်

"ရဲ"သည် ဦးလေးကြီး
ဒီကိုလာပါဦး--ရှင်--

အဖွားဖြစ်သူက မတားလိုက်ရသေးခင်မှာပဲ
မြေးမလေးက ရဲသည်"ကိုသီလ"ကို လှမ်းခေါ်ပြီး
နေပြီလေ--

အဖွားအိုက "ကိုလောဘ"ကို ပြောပြတဲ့အတိုင်းပဲ
"ကိုသီလ"ကို ပြောပြပြီး--သူ့ခွက်စုတ် နဲ့ ရနိုင်သမျှ
"ရဲ"တွေ ပေးခဲ့ဖို့ အတန်တန် ပြောနေရှာတယ်--

"ကိုသီလ"ကတော့ "ခွက်စုတ်ကြီး"ကို
ကြည့်ပြီး--ရွှေခွက်မှန်းသိတာကြောင့်--

အဖွားရယ်--
ဒီခွက်က ငွေအသပြာ
တစ်သိန်းမက တန်တဲ့ ရွှေခွက်ပါဗျာ
ကျွန်တော်မှာပါလာတဲ့
ရဲတွေက အသပြာ ငါးသောင်း
ဖိုးတောင်မရှိပါဘူး--

Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

ဟာ--ဟေ့လူ--"ကိုသီလ"
မသွားနဲ့ဦးလေ--အဲဒါ--ငါ့ရွှေခွက်--ကူ
ပြန်လာခဲ့ဦး--ငါ့ကို--ရွှေခွက်ပြန်ပေး
ဟာ--ဟေ့လူ--ပြန်လာခဲ့လေ--

"ကိုလောဘ"အော်ဟစ်ခေါ်နေတာကို--ရေလိုင်းသံကြောင့်
"ကိုသီလ"ရော"လှေသမား"ပါ လုံးဝမကြားကြဘူးပေါ့--လှော်မြဲအတိုင်း
ဆက်လှော်နေတာကြောင့်--"ကိုလောဘ"နဲ့--တဖြည်းဖြည်းဝေးသွား
လိုက်တာ--မှန်မှန်လေးပဲမြင်ရတော့တာပေါ့--

"ကိုလောဘ"က အော်ဟစ်နေရင်းကနေ
ရုတ်တရက်လဲကျပြီး--သေဆုံးခဲ့ရသတဲ့--
လောဘ--စိတ်ကြောင့်--သေရတာဆိုတော့
"ပြိတ္တာ"ဘဝကို ရောက်ရမှာ--မဟုတ်လား

တင်ပါ့ဘုရား--
"လောဘ"ကြောင့်သေရင်"ပြိတ္တာဖြစ်ရတယ်--
"ဒေါသ"ကြောင့်သေရင်"ငရဲ"ကျရတယ်--
"မောဟ"ကြောင့်သေရင်"တိရစ္ဆာန်"ဖြစ်ရတယ်--လို့
ဘုန်းဘုန်းပြောတာ--မှတ်မိပါတယ်ဘုရား

ဟာ--ငါ့ဒကာတွေက
တော်တော်မှတ်မိတာပဲ--

ကဲ--ဒါဆိုရင်--
မနောဒုစရိုက် အမှတ်စဉ်(၂)ဖြစ်တဲ့
"ဗျာပါဒ ဒုစရိုက်"ကိုယ်နဲ့မတည့်တဲ့သူတွေကို
သေပါစေ၊ ကျိုးပါစေ၊ ကန်းပါစေ စသည်ဖြင့်
တောင့်တတဲ့စိတ် ကြောင့် ကိုယ်ပဲဒုက္ခ
ရောက်ရတဲ့--ဥပမာတစ်ခုကို--
ပြောပြမယ်--နော်

ကျောင်းဒကာသူဌေးကြီးဟာ မကြာခဏဆိုသလိုပဲ
ဘုရားရှင်ထံမှာ--တရားနာဖို့ အဲဒီ"ရွှေကျောင်းတော်ကြီး"
ဆီကို သွားလေ့ရှိတယ်--

"ကဿပ"ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား
ရှိစဉ်အခါတုန်းက--"သုမင်္ဂလ"ဆိုတဲ့ သူဌေးကြီးတစ်ယောက်
ရှိတယ်--သူက"ကဿပ"ဘုရားရှင်ကို ကြည်ညိုလွန်းလို့
ရွှေကျောင်းတော်ကြီးတစ်ဆောင်--ဆောက်လုပ်ပြီး
ဘုရားရှင်ကို လှူဒါန်းထားသတဲ့--

တစ်နေ့တော့--
ရွှေကျောင်းတော်ကြီး ကိုသွားတဲ့လမ်း
မြို့တံခါးအနီးမှာရှိတဲ့ ဇရပ်ကြီးတစ်ခုဘေးက
ဖြတ်သွားရင်းဇရပ်ထဲမှာ--အဝတ်ကိုခေါင်းမြီးခြုံပြီး
အိပ်နေတဲ့လူတစ်ယောက်ကို သူဌေးကြီးက
လှမ်းမြင်လိုက်တယ်လေ

ပြောင်းဆပ်သည့်တော်လော်၊ တော်တော်အမှတ်စဉ်(၃)၊ ဗောဓိပင်ကုန်းလမ်း၊ လမ်းမကြီးမြို့နယ်၊ ရန်ကုန်သည်ဆောင်တွင် ပို့ဆောင်ပေးနေပါသည်။

http://www.dhammadownload.com

အဝတ်ခြုံထားတဲ့အောက်က
ပေါ်နေတဲ့ အိပ်နေသူရဲ့ခြေထောက်မှာ ရွံတွေ
အလိမ်းလိမ်းပေကျံနေတာကို သူဌေးကြီးက
တွေ့သွားပြီး--

ဇရပ်ပေါ်မှာ--ခုလိုအချိန်အဝတ်ခြုံပြီး
အိပ်နေသူဟာ--လူကောင်းသူကောင်းတော့မဖြစ်နိုင်ဘူး
ညဘက်မှာ--အိမ်ကြို အိမ်ကြားဝင်ပြီး ခိုးလာတဲ့
သူခိုးပဲဖြစ်လိမ့်မယ်

သူဌေးကြီးပြောတဲ့စကားကို ဇရပ်ပေါ်မှာ
အဝတ်ခြုံပြီး အိပ်နေတဲ့ သူခိုးကကြားသွားတော့
သူကို အဲဒီလိုပြောရမလား ဆိုပြီး သူဌေးကြီးကို
အရမ်းစိတ်ဆိုးသွားသတဲ့လေ

တောက်--ဒီသူဌေးက
ငါ့ကို--ဘာကြောင့်--မဆီမဆိုင်လာပြီး
ချိုးချိုးနှိမ်နှိမ်ပြောနေရတာလဲ
သင်း--ငါ့အကြောင်းသိအောင်
ပြရသေးတာပေါ့--

သူခိုးကြီး က သူဌေးကြီးကို အရမ်းစိတ်ဆိုးတာကြောင့်
သူဌေးကြီး "သုမင်္ဂလ" ရဲ့လယ်တွေကို မီးရှို့ဖျက်ဆီးပစ်လိုက်တယ်

သူဌေးကြီးက--
မီးလောင်ခံရတဲ့
သူလယ်တွေကိုချက်ခြင်း
ပြန်စိုက်တယ်--သူခိုးကြီးကလည်း
မီးထပ်ရှို့တယ်လေ--ဒီလိုနဲ့--
ခုနစ်ကြိမ်တိတိ ပြန်စိုက်လိုက်--
မီးရှို့လိုက်နဲ့--နောက်ဆုံးတော့--
သူခိုးကြီးက လက်လျော့
လိုက်ရတယ်---

ဒါပေမယ့်--သူခိုးကြီးက--အခဲအကျေသေးဘူးလေ
သူဌေးကြီးပိုင်တဲ့--နွားခြံထဲက ရိုသမျှနွားတွေကို ခြေထောက်တွေ
ဖြတ်ပစ်လိုက်ပြန်သတဲ့

ကဲ--ခြေထောက်မရှိတဲ့--နွားတွေနဲ့
လယ်တွေပြန်ထွန်လို့ရဦးမတဲ့လား--သူဌေးကြီး--ရဲ့--
ဟား---ဟား--ဟား

သူခိုးကြီး က
သူဌေးကြီး--ရဲ့--အိမ်ကိုပါ
မီးရှို့ဖျက်ဆီးပြန်တယ်--

တစ်ကြိမ် မဟုတ်ဘူး--သူခိုးကမီးရှို့လိုက်
သူဌေးကြီးက ပြန်ဆောက်လိုက်နဲ့--ခုနစ်ကြိမ်တိုင်အောင်
ဖျက်ဆီးပြန်သတဲ့လေ--

http://www.dhammadownload.com

သူခိုးကြီး--က ဒီလောက်အကြိမ်ကြိမ်အခါခါ အမျိုးမျိုးဖျက်ဆီးတာတောင်မှ သူဌေးကြီးက ဘာမှမဖြစ်သလို ရပ်တည်နေနိုင်တာကိုတွေ့ရတော့--သူခိုးကြီးက--ပိုပြီးမကျေမနပ်ဖြစ်ပြီး ဒေါသ တွေ ထွက်နေတော့တာပေါ့

သူခိုးကြီးက သူဌေးကြီး အမြတ်နိုးဆုံး အရာကို ဖျက်ဆီးရင်တော့-- သူဌေး--အခုလို မရယ်နိုင်တော့ပါဘူး-- လို့ တွေးမိပြီး--သူဌေးကြီး အမြတ်နိုးဆုံးဖြစ်တဲ့ မြတ်စွာဘုရား ကို လှူထားတဲ့ ရွှေကျောင်း တော်ကြီးကို မီးရှို့ ဖျက်ဆီးပါလေရောတဲ့

တောက်--ငါ--ဒီလောက်မီးရှို့ဖျက်ဆီးတာတောင်မှ ဒီသူဌေးက ဘာမှ မဖြစ်သလို ရယ်မောပြောဆိုနေနိုင်သေးတယ်--ပေါ့လေ အေး--ဒီတစ်ခါတော့--သင်း--ငို့အောင်လုပ်ပြမယ်--

"ကဿပ"ဗုဒ္ဓမြတ်စွာဘုရားရှင် နှင့်အတူ ကျောင်းနေရဟန်းတော်တွေ အားလုံး ဆွမ်းခံကြွတော်မူနေချိန်ဖြစ်လို့ လူသူ တစ်ယောက်မှ မဆုံးရှုံးရပေမယ့်-- သူဌေးကြီး လှူထားတဲ့ ရွှေကျောင်းတော်ကြီး ကတော့ ပြာအတိဖြစ်ခဲ့ရတယ်လေ--

ရွှေကျောင်းတော်ကြီး မီးသင့် ခံရတာကိုသိတာနဲ့ ကျောင်းဒကာ သူဌေးကြီးက ချက်ခြင်းရောက်လာပြီး-- ဝမ်းနည်းစိတ်ပျက်တဲ့စိတ် လုံးဝမဖြစ်ဘဲ--နောက်ထပ် ကျောင်းတစ်ဆောင် ထပ်ပြီး အမြန်ဆုံးဆောက်ဖို့ စီစဉ်နေပြန်တာပေါ့


မီးလောင်သွားတဲ့ကျောင်းထက် ပိုပြီးကြီးကျယ်ခမ်းနားလှပတဲ့ ရွှေကျောင်းကြီးကို ထပ်ဆောက်ပြီးတဲ့အခါ သံဃာနှစ်သောင်း ခြံရံထားတဲ့ "ကဿပ"ဗုဒ္ဓဘုရားရှင်ကို လှူဒါန်းပြန်သတဲ့

အခြေအနေကိုစောင့်ကြည့်နေတဲ့--သူခိုးကြီးက သူခိုးကြီး က သူထင်ထားသလို--သူဌေးကြီး ဝမ်းနည်း ပက်လက်မဖြစ်ဘဲ--ကျောင်းထပ်ဆောက်ဖို့--တက်ကြွ နေတာတွေ့နေရတော့--ဒေါသတွေတထောင်းထောင်း ထွက်နေပြန်တယ်--

သူဌေးကြီး "သုမင်္ဂလ"ဟာ--ဘုရားရှင်ရဲ့ကျောင်းဒကာ နှစ်ခါဖြစ်ခွင့်ရတယ် ဆိုပြီး ပျော်ရွှင်နေတာကို လှမ်းမြင် နေရတဲ့ သူခိုးကြီး က ဒေါသထွက်လွန်းလို့ "တောက်" တစ်ခေါက်ခေါက်နဲ့--ဖြစ်နေတာပေါ့


Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

စာပေဒုန အင်္ဂလာထား ဒုတိယအမှာ့ ဒဏ္ဍပုတ်၊ ဝဂ်ကြီးမြို့တွင် ဝတ္ထုကို ရေးဆွဲဖော်ပြခြင်းဖြစ်ပါသည်။




http://www.dhammadownload.com

"ဂေါတမ" ဗုဒ္ဓ ဘုရားရှင်ရဲ့လက်ထက်တော်မှာ သာဝတ္ထိပြည် မှာရှိတဲ့ "ဇေတဝန်" ကျောင်းဒကာသူဌေးကြီး "အနာထပိဏ်" ဆိုတာ ရှိခဲ့ဖူးတယ်--

"မိစ္ဆာဒိဋ္ဌိ ခုစရိုက်" နဲ့ပတ်သက်ပြီး--ဒုက္ခ တွေ့ရတဲ့ နတ်သားတစ်ပါး အကြောင်းကိုပြောပြမယ်--နော်

"အနာထပိဏ်" သူဌေးကြီး ဟာ အဲဒီတုန်းကဌေးအသပြာ ငါးဆယ့်လေးကုဋေ အကုန် အကျခံပြီး ဇေတဝန်ကျောင်း တော်ကြီးကိုဆောက်လုပ် လှူဒါန်းခဲ့တာ--



"အနာထပိဏ်" သူဌေးကြီးဟာ အဲဒီလို ကျောင်းဆောက်လှူဒါန်းပြီးတာတောင် အားမရသေးဘဲ တစ်နေ့ကို သုံးခါ "ဇေတဝန်" ကျောင်းကို သွားရောက်ပြီး--မနက်စာ "ဆွမ်း"၊ နေ့လည်အချိန် အတွက် "အဖျော်ရည်"၊ ညနေအတွက် "ပန်း" တွေယူပြီး "ဂေါတမ" ဗုဒ္ဓဘုရားရှင်နဲ့တကွ ရဟန်းတော်တွေကို လှူဒါန်းသတဲ့


ဒါတင်မကဘူး--အနာထပိဏ် သူဌေးကြီးဟာ အလှန်စေတနာကောင်း သူဖြစ်လေတော့--ဆင်းရဲနွမ်းပါးသူတွေက သူ့ဆီကိုလာပြီးငွေချေးငှားတဲ့အခါ--ဘယ်တော့မှမငြင်းဘူး--ရောက်လာ သူတိုင်းကိုငွေတော်များများထောက်ပံ့ ချေးငှားနေတာပဲတဲ့



အဲဒီလူတွေက သူတို့ချေးငှားသွားတဲ့ ငွေအသပြာတွေကိုအစပိုင်းတော့ အတိုးလေးဘာလေးပေးကြပါသေးတယ်--ဒါပေမယ့်ကြာလာတော့-- အဲဒီလူတွေက ငွေရင်းလည်းမဆပ်နိုင် အတိုးလည်းမပေးနိုင်ဘဲ "အနာထပိဏ်" သူဌေးကြီးချမ်းသာသမျှ တက်တက်ပြောင်ပါလေရောတဲ့--



ဒါပေမယ့်--အနာထပိဏ် သူဌေးကြီးဟာ လုံးဝစိတ်ပျက်အားငယ်ခြင်းမရှိဘဲ အရင်အတိုင်း လှူမြဲလှူနေတာပဲလေ--ကိုယ်တိုင်ကတော့ ပုန်းရည်ကြီးဟင်းလေးနဲ့သာ စားပြီးတင်းတိမ် ကျနပ်နေသတဲ့--အံ့ဖွယ်ပဂ္ဂိုလ်ပဲ--နော်



ဒီကိစ္စကို သူဌေးကြီးအိမ်မှာနေတဲ့ အိမ်စောင့်နတ် တစ်ပါးက မြင်နေရတော့ သူဌေးကြီးဆီ အလှူခံကြွနေတဲ့ ရဟန်းတော်တွေနဲ့ ငွေချေးငှားဖို့လာတဲ့သူတွေကို--အတော် ကြည့်မရဖြစ်နေတယ်ဆိုပဲ

ဟုန်း--ဒီလူတွေ--နဲ့--ဒီရဟန်းတွေ အားမနာ တန်း လာယူနေကြ တာပဲ--

http://www.dhammadownload.com

အဲဒီနတ်က သူအိမ်ကြီးရှင် "အနာထပိဏ်" သူဌေးကြီးဟာ "ဂေါတမ" ဗုဒ္ဓဘုရားရှင်နဲ့ နောက်ပါရဟန်းတွေ နှိပ်စက်လို့ အခုလို ဆင်းရဲသွားရတာလို့ တလဲတွေ တွေးပြီး သူအိမ်ရှင် သူဌေးကြီးအတွက် စိတ်မကောင်းဖြစ်နေတာလေ--

အဲဒါ-- "မိစ္ဆာဒိဋ္ဌိ ခုစရိုက်" ပဲပေါ့ ဘုရားနဲ့ သံဃာတွေကို လှူလို့ ဒီလိုဆင်းရဲပါ့မလား-- နတ်တွေမှာလည်း တလဲနတ်(မိစ္ဆာဒိဋ္ဌိနတ်)တွေ ရှိတယ်--နော်--

ဒါကြောင့်--သူ မနေနိုင် မထိုင်နိုင် ဖြစ်ပြီး--သူအိမ်ကြီးသခင် "အနာထပိဏ်" သူဌေးကြီး မြင်အောင် ကိုယ်ထင်ပြလိုက်တယ်လေ--

အမလေး--- တဖျပ်ဖျပ်နဲ့ မျက်စိကျိန်းလိုက်တာ ကျုပ်ရှေ့မှာ ရပ်နေတာ ဘယ်သူလဲ--

ကျုပ် က ခင်ဗျားအိမ်ရဲ့ စတုတ္ထတံခါးကို စောင့်ကြပ်ရတဲ့ တံခါးစောင့်နတ်ပဲ--ကျုပ် ပြောစရာရှိလို့ ခုလို ကိုယ်ထင်ပြရတာ--

သြော်--ဟုတ်ပါပြီ ဒါဆိုရင်--အသင်နတ်သား--ကျုပ်ကို ဘာပြောမှာလဲ--ပြောပါ

အသင်--သူဌေးကြီးဟာ--အသင့်ရဲ့ နောင်ရေးကို မကြည့်ဘဲ "ဂေါတမ" ဗုဒ္ဓနဲ့ ရဟန်းတော်တွေအတွက် လှူဒါန်းလှူန်းလို့ အခုလို--ဆင်းရဲဒုက္ခရောက်ရတာ မဟုတ်လား--သင်ဟာ အတော်မိုက်မဲတာပဲ

"အနာထပိဏ်" သူဌေးကြီးဟာ သူရဲ့အလှူဒါနအပေါ် အပြစ်ပြောလာတဲ့ "မိစ္ဆာဒိဋ္ဌိ" နတ်သားကို အလှန် စိတ်ဆိုးတာကြောင့် အခုချက်ခြင်း အိမ်ကနေထွက်သွားဖို့ နှင်ထုတ် လိုက်တော့တာပေါ့

"မိစ္ဆာဒိဋ္ဌိ" နတ်သားလည်း "အနာထပိဏ်" သူဌေးကြီး နှင်ထုတ်လိုက်တယ်ဆိုရင်ပဲ အဲဒီအိမ်မှာနေခွင့်မရတော့ဘဲ ခိုကိုးရာမဲ့--နတ်ဖြစ်သွားရသတဲ့လေ

ဒါကြောင့်-- သူပိုင်ရာဆိုင်ရာ နတ်မင်းတွေဆီမှာ အကူအညီတောင်းကြပေမယ့် ဘယ်နတ်ကမှ သူ့ကို မကူညီနိုင်ဘူး

အမလေး--ကျောင်းဒကာကြီး "အနာထပိဏ်" က ပေါ့သေးသေးမဟုတ်ဘူးနော်-- "သောတာပန်" ပုဂ္ဂိုလ်ဗျ ကျုပ်တို့လည်း သူ့ကိုလိုက်ပြောပေးလို့မရနိုင်ဘူး

http://www.dhammadownload.com

နောက်ဆုံးတော့--အဲဒီ"တလဲနတ်"ဟာ
တာဝတိံသာ နတ်ပြည်က သိကြားမင်းဆီ
ရောက်လာပြီး အကူအညီတောင်းရသတဲ့

အမောင်နတ်သား--
သင်ဟာ--အတော်မိုက်မဲတာပဲ
ဘုရားဒကာကြီး "အနာထပိဏ်" ကို အဲဒီလိုတားမြစ်
တာဟာ နောက်ဘဝမှာ ပြိတ္တာဖြစ်တတ်တယ်ကွ
သူဌေးကြီးရဲ့ပစ္စည်းဥစ္စာတွေ ဆုံးရှုံးရတာက
ဘုရား နဲ့ သံဃာတွေကိုလှူနေလို့
မဟုတ်ဘူး--နတ်သားရဲ့

သူဌေးကြီးရဲ့စေတနာကို
အခွင့်ကောင်းယူပြီး သူဌေးကြီးဆီက ပစ္စည်းဥစ္စာတွေကို
ချေတုံးတောင်းရမ်းယူသူးကြတဲ့--ကျေးဇူးကန်း
လူတွေကြောင့်--ကွ သိပြီလား

ဟင်--ဒီလိုလား--ဒါဆိုရင်
ကျုပ်--သူဌေးကြီးကျေနပ်အောင် ဘယ်လို
လုပ်ပေါ်ရမလဲ---လမ်းညွှန်ပြပါဦး
အဘ သိကြားမင်း--ရယ်

အေး--အမောင်နတ်သားက
အဲဒီ ငွေချေးသူတွေဆီက "အနာထပိဏ်" သူဌေးကြီးရဲ့
ငွေတွေကို ပြန်ရအောင် ဆောင်ရွက်ပေးလိုက်ပေါ့
ဟုတ်ပြီလား--


ဒီလိုနဲ့--"တလဲနတ်" ဟာ အနာထပိဏ်သူဌေးဆီက
ငွေချေးထားသူတွေဆီသွားပြီး ချေးထားတဲ့ငွေတွေ
အမြန်ဆပ်ကြဖို့ တိုက်တွန်းနှိုးဆော်ရတော့တာပေါ့

အမယ်--အဲဒီလိုလည်းလိုက်ပြောပြီး
မကြာခင်မှာပဲ ငွေချေးထားသူအားလုံးလိုလို သူတို့ချေးထားတဲ့
ငွေတွေကို အတိုးရောအရင်းပါ လာဆပ်လိုက်ကြတာ
ရက်ပိုင်းအတွင်းမှာပဲ "အနာထပိဏ်" သူဌေးကြီးဟာ
မူလအတိုင်း "သူဌေးကြီး" ပြန်ဖြစ်ခဲ့ရတယ်

အဲဒီတော့မှ--"တလဲနတ်" က အနာထပိဏ် သူဌေးကြီးကို
သူမှားမိခဲ့ကြောင်း ဝန်ချတောင်းပန်ပြီး--အဲဒီအမှားအတွက်
ခုလိုအကြွေးတွေပြန်ရအောင် အပြစ်ကြွေးတွေချေခဲ့ရတာ
ဖြစ်ကြောင်းပြောပြတော့မှ အနာထပိဏ် သူဌေးကြီးက
အဲဒီ"တလဲနတ်" ကို သူအိမ်တော်ရဲ့စတုတ္ထတံခါးစောင့်
အဖြစ် မူထားနေရာမှာ ပြန်နေခွင့်ပြုလိုက်သတဲ့---

အဲဒီအချိန်ကစလို့ "တလဲနတ်" ကလည်း
သူအယူအဆမှားတွေကိုပယ်ပြီး "အနာထပိဏ်" သူဌေးရဲ့
အလှူဒါနပြုရာမှာ ပါဝင်ကူညီခဲ့တာကြောင့် မကြာခင်ပဲ
"သောတာပန်နတ်" တစ်ပါးဖြစ်ခဲ့ရတာပေါ့


http://www.dhammadownload.com



Cyan Magenta Yellow Black

http://www.dhammadownload.com


မနောဒုစရိုက်တွေဖြစ်တဲ့
သူတစ်ပါးဥစ္စာကို မတရားလိုချင်တဲ့စိတ်(အဘိဇ္ဈာ ဒုစရိုက်)
သူတစ်ပါးရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်တွေကို
ပျက်စီးစေလိုတဲ့စိတ်(ဗျာပါဒ ဒုစရိုက်) နဲ့
အယူလွဲမှားတဲ့စိတ်(မိစ္ဆာဒိဋ္ဌိ ဒုစရိုက်)တွေကို တော့
သီလဆောက်တည်ရုံနဲ့ မလုံလောက်တော့ဘူး--
စိတ်ကို ထိန်းနိုင်ဖို့အတွက် ပုတီးစိတ်ရမယ်၊ တရားထိုင်ရမယ်
ဒါမှ မနောဒုစရိုက်တွေ မပြုအောင် ထိန်းနိုင်မှာပေါ့




ဒုစရိုက်(၁၀)ပါးဆိုတာ--
မကောင်းတဲ့အကျင့်ဆိုး (၁၀)မျိုးဆိုတော့
သူရဲ့ဆန့်ကျင်ဘက်--ကောင်းတဲ့အကျင့်(၁၀)မျိုး ကို
"သုစရိုက်(၁၀)ပါး" လို့ခေါ်တယ်

သတ္တဝါတွေ
ဘေးကင်း ရန်ကင်း
ကြပါစေ

ငါးရှဉ့်မရရင်
ဖားရိုက်မယ်--ကွ






ဟင်--ငါ့ကို
အမေပေးလိုက်တဲ့ စာအုပ်ဖိုးတွေ
မရှိတော့ဘူး--ဒုက္ခပဲ

ဟိဟိ--
ဟိုကောင်တော့ရှာနေပြီ
ဒီပိုက်ဆံတွေကုန်အောင်
ဂိမ်းဆိုင်မှာ ကစားမယ်

ကဲ--ဒီတော့--
"မကောင်းတဲ့အကျင့်(၁၀)မျိုး" နဲ့
"ကောင်းတဲ့အကျင့်(၁၀)မျိုး" ကို ယှဉ်ပြီး
ရေးကြည့်ကြရအောင်

ဟွန်း--ဘေးမှာ
လင်ယောကျ်ားပါနေတာတောင်
ကြောင် တဲ့ကောင် ကတော့
ဒု-သ-န-သော ဆိုတာ
မသိလို့ဘဲဖြစ်မယ်




ဒုစရိုက်(၁၀)ပါး
(မကောင်းသောအကျင့် ၁၀ မျိုး)
ကာယဒုစရိုက်(၃)ပါး
(ကိုယ်ထိလက်ရောက်ပြုသည့် မကောင်းမှု ၃ မျိုး)
(၁) ပါဏာတိပါတဒုစရိုက်
(သူတစ်ပါးအသက်ကို သတ်ခြင်း မကောင်းမှု)
(၂) အဒိန္နဒါနဒုစရိုက်
(သူတစ်ပါး မပေးသည့်ပစ္စည်းအား ခိုးယူသည့် မကောင်းမှု)
(၃) ကာမေသုမိစ္ဆာစာရ ဒုစရိုက်
(သူတစ်ပါး ဇနီးမယားကို ပြစ်မှားသည့် မကောင်းမှု)

သုစရိုက်(၁၀)ပါး
(ကောင်းသောအကျင့် ၁၀ မျိုး)
ကာယသုစရိုက်(၃)ပါး
(ကိုယ်ထိလက်ရောက်ပြုသည့် ကောင်းမှု ၃ မျိုး)
(၁) ပါဏာတိပါတသုစရိုက်
(သူတစ်ပါးအသက်ကို မသတ်ခြင်း ကောင်းမှု)
(၂) အဒိန္နဒါနသုစရိုက်
(သူတစ်ပါး မပေးသည့်ပစ္စည်းအား ခိုးယူခြင်းမပြုသည့် ကောင်းမှု)
(၃) ကာမေသုမိစ္ဆာစာရ သုစရိုက်
(သူတစ်ပါး ဇနီးမယားကို ပြစ်မှားခြင်းမပြုသည့် ကောင်းမှု)

http://www.dhammadownload.com




၀စီဒုစရိုက်(၄)ပါး
(နှုတ်ဖြင့်ပြစ်မှားသော
အကျင့်ဆိုး ၄ မျိုး)
(၁)မုသာ၀ါဒဒုစရိုက်
(သူတစ်ပါး အကျိုးယုတ်အောင် လိမ်ညာ
ပြောဆိုသည့်အကျင့်ဆိုး)
(၂)ပိသုဏာ၀ါစာ ဒုစရိုက်
(ချစ်ခင်သူတို့အချင်းချင်း စိတ်၀မ်းကွဲအောင်
ကုန်းတိုက်သည့်အကျင့်ဆိုး)
(၃)ဖရုသ၀ါစာဒုစရိုက်
(မောင်နှင့်နှမ၊ သားနှင့်အမိ အတူတကွ
မကြားအပ်သောစကားများဖြင့် ရိုင်းစိုင်း
ကြမ်းတမ်းစွာ ဆဲဆိုသည့် အကျင့်ဆိုး)
(၄)သမ္ဖပ္ပလာပ ဒုစရိုက်
(အနှစ်သာရမရှိသော သူများအတင်း
အဖျင်း ပြောဆိုတတ်သည့် အကျင့်ဆိုး)



၀စီသုစရိုက်(၄)ပါး
(နှုတ်ဖြင့်ပြစ်မှားခြင်းကို မပြုသည့်
အကျင့်ကောင်း ၄ မျိုး)
(၁)မုသာ၀ါဒသုစရိုက်
(သူတစ်ပါး အကျိုးယုတ်အောင် လိမ်ညာ
ပြောဆိုခြင်း မပြုသည့်အကျင့်ကောင်း)
(၂)ပိသုဏာ၀ါစာ သုစရိုက်
(ချစ်ခင်သူတို့အချင်းချင်း စိတ်၀မ်းကွဲအောင်
ကုန်းတိုက်ခြင်းမပြုသည့် အကျင့်ကောင်း)
(၃)ဖရုသ၀ါစာသုစရိုက်
(မောင်နှင့်နှမ၊ သားနှင့်အမိ အတူတကွ
မကြားအပ်သောစကားများဖြင့် ရိုင်းစိုင်း
ကြမ်းတမ်းစွာ ဆဲဆိုခြင်းမပြုသည့် အကျင့်ကောင်း)
(၄)သမ္ဖပ္ပလာပ သုစရိုက်
(အနှစ်သာရမရှိသော သူများအတင်း
အဖျင်း ပြောဆိုခြင်းမပြုတတ်သည့် အကျင့်ကောင်း)


မနောဒုစရိုက်(၃)ပါး
(စိတ်ဖြင့်ပြစ်မှားအပ်သော အကျင့်ဆိုး ၃ မျိုး)
(၁)အဘိဇ္ဈာဒုစရိုက်
(သူများပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများကို မတရား
လိုချင်သည့် အကျင့်ဆိုး)
(၂)ဗျာပါဒ ဒုစရိုက်
(ကိုယ်နှင့် မတည့်သူများကို သေပါစေ၊ ကျိုးပါစေ
ကန်းပါစေ စသည်ဖြင့် တောင့်တသည့်အကျင့်ဆိုး)
(၃)မိစ္ဆာဒိဋ္ဌိ ဒုစရိုက်
(ကံ နှင့် ကံ၏အကျိုး ကိုမယုံကြည်တဲ့
အယူလွဲများသည့်အကျင့်ဆိုး)






မနောသုစရိုက်(၃)ပါး
(စိတ်ဖြင့်ပြစ်မှားခြင်းမပြု သော အကျင့်ကောင်း ၃ မျိုး)
(၁)အဘိဇ္ဈာသုစရိုက်
(သူများပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများကို မတရား
လိုချင်မှုမရှိသည့် အကျင့်ကောင်း)
(၂)ဗျာပါဒ သုစရိုက်
(ကိုယ်နှင့် မတည့်သူများကို သေပါစေ၊ ကျိုးပါစေ၊ ကန်းပါစေ
စသည်ဖြင့် တောင့်တခြင်းမရှိသည့်အကျင့်ကောင်း)
(၃)မိစ္ဆာဒိဋ္ဌိ သုစရိုက်
(ကံ နှင့် ကံ၏အကျိုး ကိုအကြွင်းမဲ့
ယုံကြည်သည့် အကျင့်ကောင်း)

http://www.dhammadownload.com




http://www.dhammadownload.com




Cyan Magenta Yellow Black

http://www.dhammadownload.com



http://www.dhammadownload.com

ဒုစရိုက်(၁၀)ပါးကို--ကိုယ်တိုင်ကျူးလွန်
နေသူနဲ့အတူ--အလိုတူအလိုပါ ပါဝင်ပြီး ကူညီတဲ့သူဟာလည်း
စတုတ္ထအမျိုးအစား ဒုစရိုက် ကျူးလွန်သူပဲ--တဲ့




ကဲ--ဒီတော့--ဒုစရိုက်(၁၀)ပါး ကို
အမျိုးအစား(၄)မျိုး နဲ့ ပြုလုပ်တဲ့ အကျင့်ဆိုး
အားလုံး---(၄၀)ဖြစ် သွားပြီ--မဟုတ်လား--
ဒါကို ရှေးကဆရာတွေက "ဒုစရိုက်(၁၀)ပါး--အပြား(၄၀)"
လို့ ရေးခဲ့ကြတယ်--



ဘုန်းဘုန်း--ဘုရား
တပည့်တော်--မရှင်းတာလေး
မေးပါရစေဘုရား

ကဲ--မေးပါဗျာ

ဒုစရိုက် (၁၀)ပါး ထဲမှာ
အရက်သေစာမူးယစ်ဆေးဝါး သောက်စားခြင်းဆိုတဲ့
"သုရာမေရယ ကံ" ဘာကြောင့်မပါတာလဲဘုရား



မင်း--
ဟိုကောင့်ကို--
သတ်ချင်တယ်--ဆို
ရော--ဒီမှာ--ဓား
ယူသွား

အင်း--အဲဒါကို
ငါးပါးသီလအကြောင်း--အကျယ်ပြောပြမှ
ပြောမလို့ပဲ--ဒကာလေး"ပိစိကော့း"ရဲ့--ဒါပေမယ့်
အခု--လည်း--ဒီမေးခွန်းကို--ဖြေပေးပါ့မယ်

အရက်သေစာ မူးယစ်ဆေးဝါး
သုံးစွဲမူးယစ်တဲ့သူဟာ အမှားအမှန်ဝေဖန်နိုင်စွမ်း
မရှိကြတော့ဘူး--လေ--ဒီတော့ မကောင်းတဲ့အကျင့်ဆိုး
(ဒုစရိုက် ၁၀ ပါး)အားလုံးကို သူ ပြုဖို့ ဝန်မလေးတော့
ဘူး မဟုတ်လား--

ဒါကြောင့်--သုရာမေရယ ဆိုတဲ့
မူးယစ် သေစာ သောက်စားခြင်းအကျင့်ဆိုးကို
ဒုစရိုက်(၁၀)ပါး အားလုံးထဲမှာ ပါဝင်ပြီးသားလို့
မှတ်ရမယ်--ဟုတ်ပြီလား



ဦးကာကျော်ကျမ်း--၁၇၂ မှာ
ဒါနဲ့ပတ်သက်ပြီး အကျယ်တဝင့် ရှင်းပြထားတယ်
ငါးပါးသီလ--အကြောင်း ရှင်းပြတဲ့အခါမှ ဒါကို
သေသေချာချာ ထပ်ရှင်းပြမယ်--နော်

တင်ပါ့ဘုရား
ရှင်းပါပြီဘုရား

http://www.dhammadownload.com

"ပိစိကျော်" နှင့် "ဘုတ်အိမ" တို့ မောင်နှမသည် ဦးပဉ္စင်း "ဇဝန" ကို မှီခိုးကန်တော့လျှက်နှုတ်ဆက်ကာ အိမ်သို့ပြန်ခဲ့ကြလေ၏။



"မကောင်းမှု ကိုရှောင်၊ ကောင်းမှုကိုဆောင်၊ ဖြူအောင်စိတ်ကိုထား အဲဒါဗုဒ္ဓဘုရားရှင်ရဲ့ဆုံးမစကား" ဟု သူတို့မောင်နှမ တိုးတိုးလေး ပြောင်တူ ရွတ်နေမိကြလေသတည်း။

အထူးကျေးဇူးတင်လွှာ

"ရွှေမောင်း" ဓမ္မရသ သုတရုပ်စုံ ကို လစဉ် နှစ်သက်မြဲတ်နိုးစွာ တစ်ခဲနက် ဝယ်ယူအားပေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူ လူငယ်များနှင့် ကျောင်းသားမိဘများ၊ ဆရာ ဆရာမများအားလည်းကောင်း၊ ဗုဒ္ဓဘာသာ "ဘာသာရေးဆိုင်ရာ သင်တန်း" များမှ သင်တန်းနည်းပြဆရာကြီး ဆရာမကြီးများ နှင့် သင်တန်းသား သင်တန်းသူများအားလည်းကောင်း၊ အထူးသဖြင့် "ရွှေမောင်း" ဓမ္မရသ သုတ ရုပ်စုံကို ဖြန့်ချိရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဆရာဦးသင်းအုန်း(သိမ်တော်ကြီး)၊ ဦးထင်အောင်(သိမ်တော်ကြီး)၊ ဆရာဦးအောင်တင်(မဟာစည်)၊ ဆရာ ဦးဝင်းကျော်(စိန္တာမယဓမ္မာရုံ)၊ ဆရာမောင်ပန်းမွေး၊ ဆရာ ရန်ကင်းဦးကိုကိုလေး၊ ဆရာ ဦးအောင်သင်း၊ ဆရာကိုရဲထွန်း၊ ဦးသန်းစိုး(၁၅၅ လမ်း) နှင့်တကွ ဓမ္မမိတ်ဆွေ များအားလည်းကောင်း၊ အုပ်ရေများစွာဝယ်ယူလျှဒါန်းပေးခဲ့ကြသည့် ဆရာ ဦးသန်းဇော်လေး(သန်လျင်)၊ ဆရာဦးမြင့်သိန်း(သန်လျင်)တို့အားလည်းကောင်း၊ ဝယ်ယူအားပေးခဲ့ကြသော ကျောင်းနေဘက်သူငယ်ချင်း ဓမ္မမိတ်ဆွေများအားလည်းကောင်း၊ ပုံနှိပ်ခြင်းကိစ္စအဝဝကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးကြသည့် သူငယ်ချင်း ကိုမောင်မောင်နိုင် နှင့် မေတ္တာမိုးပုံနှိပ်တိုက် အဖွဲ့သားများအားလည်းကောင်း၊ စာဖြင့်တစ်သွယ်၊ ဖုန်းဖြင့်တစ်နည်း၊ လူကိုယ်တိုင်တစ်မျိုး ချီးမွမ်းပြောဆိုအားပေးခြင်း၊ အကြံဉာဏ် ပေးခြင်း၊ ဝေဖန်ပေးခြင်းများပြုခဲ့ကြသူများအားလုံးကိုလည်းကောင်း၊ "ရွှေမောင်း" ဓမ္မရသ သုတ ရုပ်စုံ မှ အထူးကျေးဇူးတင်ရှိပါကြောင်း။

အနှုံးအညွှတ်တောင်းပန်အပ်ပါသည်

"ရွှေမောင်း" ဓမ္မရသ သုတရုပ်စုံ ကို လစဉ် ပုံမှန်ထုတ်ဝေနိုင်အောင် စီစဉ်ရွက်ဆောင် လဆန်းရက်အတွင်း ထုတ်နိုင်အောင် ကြိုးစားစီစဉ်သည့်ကြားမှ အကြောင်းအမျိုးမျိုးကြောင့် ရက်အနည်းငယ်နောက်ကျပြီးမှ ဖြန့်ချိရသည့်အတွက် ပရိသတ်များကို အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

"ရွှေမောင်း" ဓမ္မရသ သုတရုပ်စုံ ကို ရေးဆွဲသည့်အခါ ဗုဒ္ဓစာပေကျွမ်းကျင်သူများနှင့် ညှိနှိုင်းရခြင်း၊ အမှားအယွင်းမရှိအောင်ဆရာတော်များ၊ ဗုဒ္ဓစာပေပညာရှင်များအား တည်းဖြတ် ရန်အချိန်ပေးရခြင်းတို့ကြောင့် သတ်မှတ်ချိန်ထက် ရက်အနည်းငယ်နောက်ကျလျက် ဖြန့်ချိရသည့် လ များအတွက် နားလည်ခွင့်လွှတ်ပေးကြပါရန် လေးစားစွာ တောင်းပန်အပ်ပါသည်။

၂၀၁၂ ဇန်နဝါရီလထုတ် "ရွှေမောင်း" ဓမ္မရသ သုတ ရုပ်စုံ အမှတ်စဉ်(၇) အတွက် "အိပ်မက်" နှင့်ပတ်သက်၍ ရှင်တော်ဗုဒ္ဓဘုရား ဟောကြားဆုံးမအပ်သော အကြောင်းအရာတစ်ခုကို စီစဉ် ရေးဆွဲ ထားပါသည်။
စောင့်မျှော်ဖတ်ရှုကြပါခင်ဗျား။

သူတော်ကောင်းဓာတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာတည်ပါစေ
ပန်းချီ

ဖုန်း ၀၉ ၅၀၆၀၁၀၇

http://www.dhammadownload.com


ShweMong Colourful MiniComic No. 6 DECEMBER 2011

အလိုတော်ပြည့်စေပေမ့ ထွက်ရှိပြီးစာအုပ်များ


ရွှေမောင်း အမှတ်စဉ် (၁)
ဇူလိုင်လ၊ ၂၀၁၁
"သြကာသ--ဟူသည်"
"သြကာသ"ကန်တော့ခြင်းကို အဓိပ္ပါယ်အလုံးစုံသိရှိကြစေရန်အတွက် သရုပ်ဖော်ရေးဆွဲထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၂)
သြဂုတ်လ၊ ၂၀၁၁
"ငရဲ--ဟူသည်"
"ငရဲ"ဘုံမှ ငရဲကြီးရှစ်ထပ် နှင့် ငရဲငယ်များအကြောင်း ပြည့်စုံစွာဖော်ပြရေးဆွဲထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၃)
စက်တင်ဘာလ၊ ၂၀၁၁
"ပြိတ္တာ--ဟူသည်"
"အပါယ်"ဘုံမှ "ပြိတ္တာ"တို့၏ အကြောင်းကို သိရှေ့ဥပမာတော်တော်ဖြင့် ရေးဆွဲတင်ပြရှင်းလင်းထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၄)
အောက်တိုဘာလ၊ ၂၀၁၁
"ကာယဒုစရိုက်--ဟူသည်"
"အပါယ်"ဘုံသို့ ကျရောက်စေတတ်သော မကောင်းမှု "ဒုစရိုက် ၁၀ ပါး"အနက်မှ "ကာယဒုစရိုက် ၃ ပါး"အကြောင်းကို ရေးဆွဲတင်ပြထားပါသည်။



ရွှေမောင်း အမှတ်စဉ် (၅)
နိုဝင်ဘာလ၊ ၂၀၁၁
"ဝစီဒုစရိုက်--ဟူသည်"
"အပါယ်"ဘုံသို့ ကျရောက်စေတတ်သော မကောင်းမှု "ဒုစရိုက် ၁၀ ပါး"အနက်မှ "ဝစီဒုစရိုက် ၄ ပါး"အကြောင်းကို ရေးဆွဲတင်ပြထားပါသည်။



၂၀၁၁ ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း လပေးမှာယူအားပေးခဲ့ကြသူများကို အလိုတော်ပြည့်စေပေ မှ အခမဲ့ အိမ်အရောက်ပို့ကာ ကုသိုလ်ပြုပေးခဲ့ပြီးဖြစ်ပါသည်။
၂၀၁၂ ဇန်နဝါရီလ မှစတင်၍ လပေးမှာယူသူများကို အိမ်အရောက် ပို့ဆောင်မှုဝန်ဆောင်ခအတွက် ၆ လစာ(၆ အုပ်)ကို(၅၀၀ ကျပ်)၊ ၁၂ စာ(၁၂ အုပ်)ကို (၁၀၀၀)ကျပ် ထပ်မံပေးသွင်းကြပါရန် အနူးအညွတ်ပန်ကြားအပ်ပါသည်။ အိမ်အရောက်ပို့ရန်မလိုအပ်သောသူများမှာယခင်မူလနှုန်းထား အတိုင်းသာ ပေးသွင်းကြရမည်ဖြစ်ပါသည်။ ၂၀၁၁ ဇူလိုင်လ မှ ဒီဇင်ဘာလအတွင်း လပေးမှာယူအားပေးခဲ့ကြသူများ အားလုံး ပို့ဆောင်ခ ထပ်မံပေးသွင်းရန်မလိုပါ။

ရွှေမောင်း ဆေးရောင်စုံရုပ်ပြ

လစဉ် ပုံမှန် ထွက်နေပါပြီ

ဝမ္မ ရသ သုတ ရုပ်စုံ

၂၀၁၂ ဇန်နဝါရီလ မှစ၍ လပေး မှာယူလိုသူများ အတွက် အောက်ပါနှုန်းအတိုင်း ငွေကြိုသွင်းစနစ်ဖြင့်မှာယူပါက အိမ်အရောက် ပို့ပေးပါမည်။

	ကိုယ်တိုင်ယူ	အိမ်အရောက်ပို့ဆောင်စရိတ်
၆ လစာ(၆ အုပ်)အတွက်	၂၅၀၀ ကျပ်	+ ၅၀၀ ကျပ်
၁၂ လစာ(၁၂ အုပ်)အတွက်	၅၀၀၀ ကျပ်	+ ၁၀၀၀ ကျပ်

လပေးမှာယူသူများ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြ၍ အလိုတော်ပြည့် စာပေ သို့ ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တိုက်ရိုက်ဆက်သွယ်မှာကြားနိုင်ကြပါပြီ။
နယ်မှ လပေးမှာလူလိုသူများသည် မိမိ၏နေရပ်လိပ်စာအပြည့်အစုံကို ဖော်ပြ၍ အလိုတော်ပြည့်စာပေ သို့ အောက်ပါလိပ်စာအတိုင်း စာတိုက်မှ M.O ဖြင့် ငွေလွှဲ ပို့ပေး ပါက မှာယူသူထံသို့ လစဉ် စာတိုက်မှ ပို့ပေးမည်ဖြစ်ပါသည်။ မိမိမှာယူလိုသည့် ရွှေမောင်း ဓမ္မရသသုတရုပ်စုံ ၏ အမှတ်စဉ် ကိုလည်း သေချာစွာ ရေးသွင်းဖော်ပြပေးပါရန်။

အထူးအစီအစဉ်

ရွှေမောင်း ဓမ္မရသသုတ ရုပ်စုံ ကို စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ မှ အလိုရှိပါလျှင် အထူးနှုန်းဖြင့် ဈေးနှုန်းလျှော့ကာ ရောင်းချပေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ စောင်ရေ(၁၀၀)နှင့် အထက် "ဓမ္မဒါန" ပြုလိုသူများအတွက် အလှူရှင်အမည် ကို ထည့်သွင်းပုံနှိပ်ပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်အနီးတဝိုက်မှ မှာယူသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။ အနယ်နယ်အရပ်ရပ်မှ မှာယူလိုသူများကို စောင်ရေ (၁၀၀) အထက်မှာယူလျှင် ကြိုတင်ငွေပို့ စနစ်ဖြင့် မှာယူပါက စရိတ်ငြိမ်း ပို့ပေးပါမည်။
ငွေကြိုတင်ပို့ခြင်းအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်(ရွှေဗဟိုပလာဇာ)တာမွေဘဏ်ခွဲ ။ M.O.B (တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) ။ ကမ္ဘောဇာဘဏ်(တာမွေ မင်္ဂလာဈေး ဘဏ်ခွဲ) သို့ "ငွေလွှဲ" ပေးပို့နိုင်ပြီး ငွေလွှဲပေးပို့ခြင်းအား "အလိုတော်ပြည့်စာပေ" ဦးဖိုးပိုင်၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၅၇၀၉၇ ။ ဒေါ်မြင့်မေ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၄၂၁၅ ။ ဖုန်း ၀၉ ၇၃၀ ၅၄၇၉ ။ ၀၉ ၅၀၆၀၁၀၇ သို့ ဆက်သွယ်ပေးပို့စေလိုပါသည်။
အထူးသတိပြုရန်မှာ စာအုပ်မှာကြားသည့်အခါ ပေးပို့ရမည့်လိပ်စာ အပြည့်အစုံ နှင့် ပေးပို့ရမည့် စာအုပ်အမှတ်စဉ် ကို ဖော်ပြပေးရမည်ဖြစ်ပါသည်။

ပြည့်လုံးကျွတ်ပြန်ရှိရေး

အလိုတော်ပြည့် စာပေ

အမှတ်(၂၇)-၅လွှာ၊ ၁၅၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၆၀၁၀၇ ။ ၀၉ ၇၃၀ ၅၄၇၉ ။

တန်ဖိုး ၅၀၀ ကျပ်

■ ထုတ်ဝေသူ ■ ဦးဟန်စိန်၊ ကျိုတော်လစဉ်၊ ၀၄၁၂၇၊ အခန်း(၄၀၁)၊ တိုက်(၂၆)၊ ၁၂ လမ်း(ဘီ)၊ ယုဇနဥယာဉ်အမိရာ၊ ၄၉ရပ်ကွက်၊ ဒဂုံရပ်သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
■ အတွင်း နှင့် မျက်နှာဖုံး ပုံနှိပ်သူ ■ ဒေါ်ခင်စီ(၀၁၄၀၈)မေတ္တာမိုးပုံနှိပ်တိုက်၊ အမှတ် ၁၉ ၊ ဓမ္မိုဘုရင်လမ်း၊ ဒဂုံရပ်သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၁ ၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး (၅၀၀)ကျပ်။

Cyan Magenta Yellow Black